# အသိပေးကြေညာချက် (၆/၂၀၂၄)

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ မေလ ၈ ရက်

၁။ မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေး (ရန်ကုန်-ကော့သောင်း-ရနောင်း)နှင့် (ရနောင်း-ကော့သောင်း-ရန်ကုန်)ကို ကမ်းရိုးတန်းဆိပ်ကမ်းမှ ကွန်တိန်နာစနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုခြင်းကို ပို့ကုန် သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ ၁/၂၀၂၄ ဖြင့် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

၂။ အဆိုပါလုပ်ငန်းစဉ်ဖြင့် တင်ပို့၊ တင်သွင်းရန်အတွက် လိုင်စင်လျှောက်ထားမှုများနှင့်ပတ်သက်၍ လုပ်ငန်းရှင်များ ရှင်းလင်းလွယ်ကူစွာ သိရှိနိုင်ရေး Myanmar Tradenet 2.0 စနစ်တွင် နယ်စပ်ကုန်သွယ်ရေးနည်းလမ်းဖြင့် (ရန်ကုန်-ကော့သောင်း-ရနောင်း၊ ရနောင်း-ကော့သောင်း-ရန်ကုန်) ပို့ကုန်၊ သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် Licence Information အဆင့်၌ ရွေးချယ်ရမည့် နမူနာပုံစံကို Myanmar Tradenet 2.0 တွင် ဖော်ပြထားပါသည်။

၃။ အဆိုပါလုပ်ငန်းစဉ်အရ Myanmar Tradenet 2.0 တွင် ပုံမှန်ပို့ကုန်၊ သွင်းကုန် လိုင်စင်လျှောက်ထားမှုအတိုင်း ဖြည့်စွက်ဖော်ပြရန်ဖြစ်ပြီး သွင်းကုန်လိုင်စင်နှင့်ပတ်သက်၍ လိုင်စင်အမှတ်စဉ် ၆ နှင့် ၇ တွင် “Yangon”ဟုလည်းကောင်း၊ ပို့ကုန်လိုင်စင်နှင့်ပတ်သက်၍ လိုင်စင်အမှတ်စဉ် ၆ တွင် “Yangon” နှင့် အမှတ်စဉ် ၇ တွင် “Ranong” ဟုလည်းကောင်း ရွေးချယ်လျှောက်ထားရန်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းစဉ်များကို သိရှိဆောင်ရွက်နိုင်ရန်နှင့် သွင်းကုန်၊ပို့ကုန်လိုင်စင်ဆိုင်ရာအခက်အခဲများနှင့် နည်းပညာဆိုင်ရာ အခက်အခဲများအားနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ ဌာနခွဲများသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲ(လိုင်စင်ဆိုင်ရာကိစ္စ) - ၀၆၇ ၃၄၀၈၂၈၄(သွင်းကုန်)၊ ၀၆၇ ၃၄၀၈၃၂၅ (ပို့ကုန်)

( ခ ) သတင်းအချက်အလက်နည်းပညာဌာနခွဲ (နည်းပညာဆိုင်ရာကိစ္စ) - ၀၆၇ ၃၄၀၈၂၂၁၊ ၀၆၇ ၃၄၀၈၇၂၃

ကုန်သွယ်ရေးဦးစီးဌာန